# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခြင်း

ရန်ကုန် - ဇွန် ၂၅ ရက်

ဘယ်လာရုစ်နိုင်ငံ၊ ဘရက်စ်မြို့၌ ကျင်းပပြုလုပ်သည့် 2nd International Forum of the Union State "Great Heritage – Common Future" ဖိုရမ် တက်ရောက်ရာမှ ပြန်လည်ထွက်ခွာလာသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂၄ ရက်နေ့ ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်ချိန်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ သုဝဏ္ဏဘုမ္မိလေဆိပ်မှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ ည ၈ နာရီ ၀၅ မိနစ်ချိန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

လေဆိပ်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**